

# မောင်ယုပိုင်

## စက်ရုပ်အာကာ

မိုးဝေးစီစဉ်သည်။

9 789997 118196

ngyoe.com

mgyoe.com



ISBN9789997118196
POEM72
9 789997 118196
1,500.00KS

mgyoe.com

စက်ရုပ်အက၊ မောင်ယုပိုင်
မျက်နှာဖုံးပန်းချီ - ဘငွေကြည်
စာမျက်နှာ ၇၈ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# စက်ရုပ်အက

## မောင်ယုပိုင်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ

၁။ ကမ်းခြေ . . . . . . . . . . ၁
၂။ စတိုခန်း . . . . . . . . . . ၃
၃။ စားပွဲတင်တင်းနစ် . . . . . . . . . . ၅
၄။ စူပါမားကဲ့ . . . . . . . . . . ၇
၅။ ဂန်းစတားရုပ်ရှင် . . . . . . . . . . ၉
၆။ ပြဇာတ် . . . . . . . . . . ၁၃
၇။ လှူဲ့ဝှက်စာ . . . . . . . . . . ၁၅
၈။ အနှစ်သုံးဆယ် . . . . . . . . . . ၁၉
၉။ ဖြစ်ရပ်မှန် . . . . . . . . . . ၂၀
၁၀။ သူတို့တတွေရဲ့အဖေ . . . . . . . . . . ၂၂
၁၁။ ဂေါ်ဇီလာ . . . . . . . . . . ၂၄
၁၂။ ရှေးသရောအခါ ယနေ့ ပုဂံပြည်မှတ်တမ်း . . . . . . . . . . ၂၆
၁၃။ ဟိုတယ်ဖွင့်ပွဲတက်ရောက်ခြင်း . . . . . . . . . . ၂၈
၁၄။ လောကဓာတ်ပုံ . . . . . . . . . . ၃၀
၁၅။ အိပ်မက်သုံးခု . . . . . . . . . . ၃၁
၁၆။ လှေ . . . . . . . . . . ၃၃

mgyoe.com

mgyoe.com

၁၇။ အိမ်ပြန်လာကြပုံများ . . . . . . . . . . ၃၅
၁၈။ အိမ်အတွင်းပိုင်းအခန်းဖွဲ့စည်းမှု . . . . . . . . . . ၃၆
၁၉။ ယောနယ်၌ ပြုစားခံရခြင်း . . . . . . . . . . ၃၈
၂၀။ ၁၈ + နိုင်ငံ (၂၀၁၆) . . . . . . . . . . ၄၁
၂၁။ ဂိမ်း . . . . . . . . . . ၄၂
၂၂။ ၉၀ ခုနှစ် **NonStop 38** . . . . . . . . . . ၄၄
၂၃။ ငှါ့ခွေးလေး ငှါ့ခွေးလေး . . . . . . . . . . ၄၅
၂၄။ ကျုန်ရစ်သူတို့ကောင်းမှု . . . . . . . . . . ၄၇
၂၅။ **Freedy krueger** . . . . . . . . . . ၄၉
၂၆။ **Minion** ကို မယုံကြည်သောသူသည် . . . . . . . . . . ၅၁
၂၇။ ငါမွေးထားတဲ့ကလေးကို ငါရိုက်တယ် ဘာဖြစ်တယ် . . . . . . . ၅၂
၂၈။ တံငါရွာလေးရဲ့ အနှစ်နှစ်ဆယ် အိပ်မက်ပိုက်ကွန်ထဲက ငါးခြသေ့ . . ၅၄
၂၉။ တကယ့်ဘဝဟာ **Kick Ass** ထက်တောင် **Black Comedy** . . ၆၁
၃၀။ စက်ကွင်း . . . . . . . . . . ၆၂
၃၁။ စက်ရုပ်အက . . . . . . . . . . ၆၄
၃၂။ နာရေး . . . . . . . . . . ၆၇
၃၃။ ဖုန် . . . . . . . . . . ၆၉
၃၄။ မိုးရာသီအဟောင်းများ . . . . . . . . . . ၇၂
၃၅။ ကျေးလက်သချိုင်း . . . . . . . . . . ၇၅
၃၆။ ရန်ကုန်မှာ ပြန်တွေ့တယ် . . . . . . . . . . ၇၇

❒

mgyoe.com

mgyoe.com

## တမ်းချင်း

ငါတို့ အမြန်ရေယာဉ်ကို
ကမ်းခြေမှာ မူလကတည်းကရှိနေပုံရတဲ့
သစ်ထွင်းလှေငယ်လေးနံဘေးမှာ နားလိုက်တယ်

ကမ်းခြေတလျှောက်ငါတို့ လျှောက်လာတယ်
သောင်ပြင်ပေါ်ကျန်ခဲ့တဲ့ ငါတို့ခြေရာတွေကို
ရေလှိုင်းလေးတွေက ဖျက်ဖို့ မပြတ်ကြိုးစားလို့

စေးထန်းထန်း ဆံပင်ရှည်တွေ နေလောင်အသားအရေတွေ
အိမ်လို့ခေါ်နိုင်ရုံဆောက်ထားတဲ့ ခြေတံရှည်ယိုင်အိမ်တွေရဲ့အောက်မှာ
အဝတ်အထည်လို့ခေါ်နိုင်ရုံ အဝတ်တွေဝတ်ဆင်ပြီး ထိုင်နေတဲ့ လူသားမျိုးနွယ်စုတစ်စု

ပေါင်းမိုးပါတဲ့လှေငယ်တစ်စင်းပေါ်မှာ ကလေးနို့တိုက်နေတဲ့ မိန်းမတစ်ယောက်နဲ့
လှေဦးပိုင်းမှာ ငါးတွေ တံစို့နဲ့သီနေတဲ့ ယောကျ်ားတစ်ယောက်

ကျွန်းဟာ ဒီထက်ပိုပြီး လူသားကို အခွင့်ရေးပေးပုံမရ

mgyoe.com

mgyoe.com


နှစ်ပေါင်းရာထောင်ချီတိုင် ဖြူဖွေးဆဲသဲသောင်
ကမ်းခြေအစပ်ကြမ်းပြင်ကို မြင်နိုင်ဆဲရေပြင်နဲ့
တောအုပ်တွေ စိမ်းညို့ဆဲကျွန်းတွေပေါ့

အဝေးကကြည့်ရင် အထပ်မြင့်တိုက်တွေ စက်ရုံတွေ
ဓာတ်တိုင်တွေ ဆိုင်းဘုတ်တွေ တန်းလန်းစိုက်ဝင်နေပြီး
ရေဆိုးမြောင်းပေါက်ကနေ ပင်လယ်ထဲ မည်းညစ်အရည်တွေစီးကျနေတဲ့
ကျွန်းတစ်ကျွန်းပေါ်ကနေ ငါတို့
ရှာဖွေကာ ရောက်လာခဲ့ကြတဲ့ကျွန်းတွေ

သရေစာထုပ်တွေဖောက်စား ဘီယာဘူးတွေဖောက်သောက်ပြီး
ကမ်းစပ်ဆီပြေးဆင်းလာတဲ့ ငယ်ရွယ်သူတစ်စု
ကျောက်ဆောင်အောက်မှာ ဂုက်နေတဲ့ခက်ရင်းတွေက သူတို့ခြေဖဝါးနုနုတွေကို ပြတ်ရှစေတယ်

အိမ်ပြန်ဖို့ အချက်ပေးဟွန်းသံမြည်လာတဲ့အခါ
အမြန်ရေယာဉ်ပေါ် ငါတို့ အလုအယက်ပြေးတက်ကြတယ်
ဘယ်ဧည့်သည်တစ်ယောက်ကမှ
အုန်းပင်တွေကိုင်းညွှတ်တဲ့အထိ
လေပြင်းတွေတိုက်ခတ်နေတဲ့ ကမ်းခြေညမှာ
ပေါင်းမိုးနဲ့လှေအိမ်ငယ်ထဲ အိပ်စက်ဖို့ အစီအစဉ်တော့ရှိမှာမဟုတ်ဘူးလေ။ ။

ဇန်နဝါရီ၊ ၂၀၁၇။

mgyoe.com

mgyoe.com



# စတိုဘန်း

ညားခါစ ငါတို့လင်မယား
အိမ်သစ်တစ်လုံးထံ ပြောင်းရွှေ့လာကြတယ်။
လာမယ့်နေ့တွေအတွက်
ငါတို့စုဆောင်းထားသမျှတွေ အိမ်ထဲသယ်သွင်း နေရာချလိုက်တယ်။
သွားကြားထိုးတံကအစ အပြည့်ဖြည့်ပြီးသား ဂက်စ်အိုးကြီးတွေအဆုံးပေါ့
နေရာချလိုက်တော့ နေရာကျသွားတာပေါ့။
ဒါက မင့်မှန်တင်ခုံ ဒါက ငါ့အဝတ်လှန်းစင်
ဒီမှာ အာဗင် ဒီမှာ ဟော့ပလိတ် ဒီမှာ ဘေစင်
ဒီမှာ ပန်းကန်စင် ဒီမှာ မင့်အေပရွန်ချိတ်ဖို့။
ဟိုမှာ ဆေးသေတ္တာ ဟိုမှာ လက်သမားသေတ္တာ။
နေရာချပြီးတော့ ငါတို့မောမောပန်းပန်းနဲ့ ကြည်ကြည်နူးနူးချစ်ကြသေးတယ်
မမောစတမ်းမပန်းစတမ်း။။

အခု ငါတို့အတူနေခဲ့တာ ကြာခဲ့ပါပြီ
ပြက္ခဒိန်ပေါ်မှာ ဘယ်လောက်ရှိရှိ ငါသိတာက ကြာခဲ့ပြီ။

အိမ်သုံးပစ္စည်းကတ်တလောက် ပုံတွေထဲကလို
ညားခါစက ငါတို့အိမ်လေးရဲ့ အသွင်အပြင်ကို
ရေတံလျှောက်ထဲက သစ်ရွက်ဆွေးတွေ ခဲရာခဲဆစ်ရှင်းထုတ်ရင်း ငါသတိရ။

mgyoe.com

mgyoe.com


တစ်နေ့က ငါ အိမ်သန့်ရှင်းရေးလုပ်ရင်း
အိမ်အပြင်ဘက် လှေကားအောက်က စတိုခန်းလေးကို ဖွင့်ကြည့်မိတယ်
အထဲမှာ အရင် ဒီအိမ်မှာနေသွားတဲ့ မိသားစုရဲ့ ပစ္စည်းဟောင်းတွေ။
မှောင်မှောင်မည်းမည်း ငါ စတိုခန်းထဲ ရောက်သွားတယ်။
အထဲမှာ ငါ ထင်ထားတာထက် ပိုကျယ်ဝန်း။
ကျယ်ဝန်းတယ်လို့ငါထင်သလောက်လည်း မဟုတ်ဘဲ ကျဉ်းသွားပြန်

ဆုတံဆိပ်ဟောင်းတွေ ကလေးပုံဆွဲစာအုပ်တွေ ပို့စကတ်တွေ ထီလက်မှတ်တွေ
တစ်ခုပြီးတစ်ခု ငါ တွေ့တယ်။
ဆွေးမြည့်သံချေးတက်နေတဲ့ တူရွင်းတွေဂေါ်ပြားတွေ၊ ပန်းပင်ရေလောင်းတဲ့ဆန်ခါပေါက်အိုး၊
စီဒီခွေတွေ၊ ဘက်ထရီအိုးတွေ၊ ခေါင်းအမျိုးမျိုးပါတဲ့ ကေဘယ်လ်တွေ၊ ပီစီထဲက ဟာဒစ်တွေ
အားလုံးက ပေါက်ပြဲကွဲအက်နေပြီ
တခါမှ သုံးလိုက်ရပုံမပေါ်ဘဲ ပိုးစားခြကိုက်ဖြစ်နေတဲ့ ဓာတ်ပုံအယ်လ်ဘမ်အလွတ်တွေ
လုံးဝမသုံးလိုက်ရတဲ့ ခဲတံလေးတွေရော

ငါ အသက်ရှူရတာ ခက်လာလို့ စတိုခန်းအပေါက်ဝကို ခေါင်းထိုးထွက်လိုက်တယ်
အပြင်ဘက်မှာတော့ အေးအေးဆေးဆေးပဲ
မြက်ခင်းပြင် ရေကန် ပန်းပွင့်တွေ ငှက်တွေနဲ့ တိမ်ပြာပြာတွေ
သူတို့ဘာမှသိပုံမရ။ ။

စက်တင်ဘာ၊ ၂၀၁၄။

mgyoe.com

mgyoe.com



## စားပွဲတင်ထင်းနှစ်

ကျုပ်အဖေ ကျုပ်အစ်ကိုနဲ့ ကျုပ်ညီရော စားပွဲတင်တင်းနစ် ကစားကောင်းသူတွေ
ကျုပ်က အတွေးအခေါ်သမားဆိုတော့ သူတို့ကစားနေတာ တွေးခေါ်ကြည့်တယ်
ဘယ်အရာက ပိုကောင်းတဲ့ကစားမှုပုံစံ ဖြစ်စေသလဲ
ဘက်တံနဲ့သရေပြားအမျိုးအစား၊ ရှိပ်နဲ့ပင် လက်ကိုင်ပုံနှစ်မျိုး၊
ပင်ပေါင်ဘောလုံးရဲ့လည်နှုန်း၊ ဆဗစ်ပေးပုံ၊ ကစားသူ အသက်အရွယ်၊
အရပ်၊ ခွန်အား၊ သက်လုံ၊ ဝတ်စုံ၊ ဖိနပ်၊ ထရိန်နင်၊ ဟန်ချက်၊
ကစားကွင်းအနေအထား၊ ကြိုတင်ပြင်ဆင်မှု၊ အလင်းအမှောင်၊
ပရိသတ်၊ စိတ်နေစိတ်ထား၊ ပညာအရည်အချင်း၊ အားဆေး၊
ကျုပ်ရဲ့ဆင်ခြင်တွေးခေါ်မှုနဲ့ကစားကြည့်သမျှ သူတို့က အသာလေး ပုတ်ထုတ်ပစ်လိုက်တယ်
အမှားပြင်ဆင်ပြီး ပြန်ကစားတဲ့ ကျုပ်အတွေးအခေါ်လည်း ပိုက်ထဲတိုးပြန်တယ်
ပိုက်ထဲတိုးတဲ့ ကျုပ်အတွေးအခေါ်ကို ထပ်ပြင်ကစားပေမဲ့ စည်းအပြင်ရောက်
အကြိမ်တစ်ရာမြောက်အတွေးအခေါ်နဲ့ မမှန်သေးလို့ ထပ်တွေးခေါ်တဲ့
တစ်ရာ့တစ်ကြိမ်မြောက်ရိုက်ချက်လည်း ဖောင်းတာပဲ
ကျုပ်အတွက် မွတ်နေအောင်လည်ထွက်နေတဲ့ ကစားနည်းရဲ့လျှို့ဝှက်ချက်ဟာ
သူတို့ ဘက်တံနဲ့တော့ သံလိုက်နဲ့ဆွဲသလို ပြေးကပ်
ပြီးတော့ ဖြန်းခနဲ ထိထိမိမိ
ပင်ပေါင်ကို ဘယ်လိုရိုက်သလဲ ကျုပ်အဖေကိုမေးကြည့်တော့
ဟောဒီလက်နဲ့ ဟောဒီဘက်တံကို ကိုင်ပြီး ဟောဒီဘောလုံးကို ရိုက်လိုက်တာပဲလေတဲ့
ကြည့်ရတာ ဒီလောကမှာ အတွေးအခေါ်ထက် ပိုမြန်တဲ့လက်တွေရှိပုံပဲ

mgyoe.com

mgyoe.com

ကျုပ်အတွေးအခေါ်တွေက သူတို့ပင်ပေါင်ရိုက်တံတွေပေါ်မှာ ပြားနေပုံပဲ
လေးထောင့်ဆန့်ဆန့်ကျုပ်အတွေးအခေါ်တွေ ကျုပ်အိမ်ခန်းထဲ စင်တွေနဲ့အပြည့်ရှိတယ်
ပြားချပ်ချပ်ကျုပ်အတွေးအခေါ်တွေ ကျုပ်မှာ သေတ္တာကြီးနဲ့အပြည့်
သူတို့ပင်ပေါင်ဘောလုံးမှာတော့ အနိုင်နဲ့အရှုံး နှစ်မျိုးတည်းရှိပြီး
အတိအကျလည်းရှိတယ်
ကြည့်ရတာတော့ အဲဒါက သိပ်အရသာရှိမယ့်ပုံပဲ
အဲဒါကို အမှန်တကယ်သိချင်ရင်တော့
ကျုပ်တို့အတွေးအခေါ်သေတ္တာကြီး ခဏပိတ်
ကစားကွင်းထဲဝင် ကိုယ်လက်လှုပ်ရှား ကိုယ်တိုင်ဝင်ကစားကြည့်ဖို့လိုတယ်
လိုတယ်ဆိုတာ သဘောပြောတာပါ
အခုထိတော့ ကျုပ်နဲ့ ပင်ပေါင်ဘက်တံနဲ့က ဝေးတုန်းပဲ။ ။

၂၀၁၄။

mgyoe.com

mgyoe.com



## စူပါမှာ့ကဲ့

တခါတလေ ငါတို့လည်း စူပါမှာ့ကဲ့ကြီးဆီသွားကြတာပေါ့။
မြို့လေးရဲ့တစ်ခုတည်းသော စူပါမှာ့ကဲ့ကြီး။

စူပါမှာ့ကဲ့ကြီး ပေါ်လာတော့
မြို့သားတွေဟာ လူနှံ့ရသွားတဲ့ ဇမ်ဘီအုပ်ကြီးလို
စူပါမှာ့ကဲ့ကြီးထံ စုပြုံရောက်ရှိလာတယ်။

သင် ဒီနေ့ ဘာကားစီးထားသလဲ၊ သင် ဒီနေ့ ဘာဖုန်းကိုင်ထားလဲ၊
သင် ဒီနေ့ ဘာဆံပင်ပုံစံညပ်ထားလဲ၊ သင့်ဒီနေ့ ဘယ်လိုအခြေအနေရှိသလဲ။
တစ်နေရာတည်းမှာ
တစ်မြို့လုံးသိအောင် လူလုံးပြနိုင်တဲ့ စူပါမှာ့ကဲ့ကြီးပေါ့။

ရပ်ကွက်ထဲမှာ သာမန်ဝတ်စားသွားလာမှုနဲ့တွေ့နိုင်တဲ့ မိန်းကလေးတွေကို
စူပါမှာ့ကဲ့ကြီးမှာ စူပါမော်ဒယ်တစ်ယောက်လို တွေ့နိုင်တယ်။

ညနေဘက်တွေဆို စူပါမှာ့ကဲ့ကြီးမှာ စည်ကားမြဲ။

ဒီနေ့ ငါတို့နှစ်ယောက်လည်း စူပါမှာ့ကဲ့ကြီးဆီ ရောက်လာကြတယ်။
ငါက မျက်နှာသစ်ဆေးတစ်မျိုး တကယ်လိုနေလို့ သူမက ငါးသေတ္တာတွေ တကယ်လိုအပ်လို့၊

mgyoe.com

mgyoe.com


ငါက မျက်နှာသစ်ဆေးအမျိုးမျိုးကြားမှာ တွေဝေ၊ သူမက ငါးသေတ္တာအမျိုးမျိုးကြားမှာ ထွေပြား။

ခြင်းကိုယ်စီ တွန်းလှည်းကိုယ်စီနဲ့ လူတွေရော သူတို့လိုချင်တာ ကျေကျေနပ်နပ် ရကြပြီလား။

လျှော့ဈေး၊ အပိုလက်ဆောင်၊ အရည်သွေးမြင့်၊ အထူး၊
စပါယ်ရှယ်၊ ရာနှုန်းပြည့်၊ မော်ဒယ်သစ်၊ မရှိမဖြစ်။
အဲဒါတွေရေးထားတဲ့ ကြော်ငြာဆိုင်းဘုတ်တွေ၊ ပိုစတာတွေ၊ စတေကာတွေ၊
ရောင်ပြန်တွေ၊ ဆလိုက်တွေ၊ ဒစ်ဂျစ်တယ် Led မျက်နှာပြင်တွေကြားမှာ
ပျာယာခတ်နေတဲ့လူတွေ
ခပ်ရင့်ရင့်ပြုံးပြနေတဲ့ နမူနာပလာစတာရုပ်တုတွေရှေ့ အရောက်မှာ
ခေါင်းငုံ့မျက်နှာလွှဲသွားတဲ့ လူတွေ

စူပါမားကဲ့ကြီးဟာ မြို့သားတွေကို သူ့ဆွဲခြင်းထဲ အကတ်လိုက် ကောက်ထည့်လိုက်တယ်
သူ့လက်တွန်းလှည်းထဲ မြို့သားတွေ အထပ်လိုက် ပါသွားတယ်

ကိုယ့်နဲ့တော်မယ်ထင်တာတစ်ခု မြန်မြန်ရွေးစမ်းပါ အချစ်ရေ
စူပါမားကဲ့ကြီးက တို့ကို စည်သွပ်ဘူးထဲ မထည့်ခင်။ ။

၂၀၁၁။

mgyoe.com

mgyoe.com



## ဝန်းစတားရှပ်ရှင်

တခါတလေတော့လည်း စဉ်းစားမိတယ်
ဘာလို့များ ငါ ဒီလောကထဲဝင်ခဲ့မိသလဲပေါ့
လူတွေကို စာနာနားလည်စိတ်နဲ့ လက်မြန်ခြေမြန်လည်းရှိတဲ့အကျင့်စရိုက်တွေကပဲ
ဒီလောကထဲ အရောက်ပို့ခဲ့တာလား

အရာရှိတွေဘက်ရောက်ရင် ဂိုဏ်းတွေရဲ့လှုပ်ရှားမှုသတင်းပေး
ဂိုဏ်းတွေထဲ ပြန်ရောက်ရင် fuck the government ပေါ့

အခြားဂိုဏ်းတဂိုဏ်းထဲ ထပ်ရောက်သွားရင်
မူလဌာနနဲ့ ဂိုဏ်းဟောင်းရဲ့ မကောင်းကြောင်းတွေ ငိုပြရဦးမပေါ့

ခက်တာက
ဒီလောကထဲက ပြန်ထွက်ချင်ရင် အသေပဲထွက်လို့ရမယ်
'ကြွက်နံ့ရတယ်ကွာ'
ဂိုဏ်းအသီးသီးက ဘဲကြီးတွေက ငါ့ရှေ့မှာ ပြောလာကြပြီ

လူမိုက်တွေကို ခင်မင်ရင်းနှီးမိတာ ငါ့အမှားပဲ
အရာရှိတွေရဲ့အမိန့်တာဝန်တွေကို လိုက်နာယုံကြည်မိတာက ပိုလို့တောင်မှားသေး

mgyoe.com

mgyoe.com

ငါက ပစ်ထည့်လိုက်ရမှာ တွေဝေနေရင် သူတို့က လုပ်ထည့်သွားမှာဆိုတော့
ငါကပဲ သူတွေဝေနေတုန်း လက်ဦးမှုအရယူလိုက်တယ်

ခင်ဗျားကျုပ်ကို သံသယရှိနေတာတော့ တကယ်စိတ်မကောင်းဖြစ်မိတယ်ဗျာ
အဲဒါ ငါညာပြောလိုက်တာလား တကယ်လား
ငါ့ကိုငါမသိတော့ဘူး
ငါဟာ ညစ်ပတ်ယုတ်ညံ့တဲ့ အသွင်ယူသတင်းပေးအရာရှိ
ငါဟာ ရဲဘော်ရဲဘက်တွေအပေါ်သစ္စာရှိတဲ့ လူဆိုး
ငါ့ကိုယ်ငါ ဘယ်ဘက်ကမှန်းလည်း မသိတော့ဘူး

မြို့တော်ဝန်ဖြစ်ဖို့ ဆင်းရဲသားတွေကို ပေါင်မုန့်ဝေနေတဲ့ ဂေါ့ဒ်ဖားသားကြီးနဲ့
ဂေါ့ဒ်ဖားသားကြီးနဲ့ ဂေါက်အတူတူရိုက်နေတဲ့ အရာရှိကြီး
ဘယ်ဘက်က ဘယ်ဘက်ကမှန်းလည်းမသိတော့

ဒီလောကထဲ သက်တမ်းရင့်လာလေလေ
ကိုယ့်နေရာ ကိုယ့်ရှင်သန်မှု အပျက်မခံနိုင်လေလေ
သံသယမျက်လုံးတွေများလာလေလေ
ကိုယ့်နယ်မြေတွေ ပိုကျဉ်းမြောင်းလာလေလေ
ပိုလိမ်ညာကောက်ကျစ်ရလေလေ
ပိုသွေးအေးရက်စက်တတ်လေလေပဲ

mgyoe.com

mgyoe.com



ဖြစ်နေတာတွေက
လူကောင်းတွေ အရင်ဆုံးသေ ဒါမှမဟုတ်
လူကောင်းအထင်ခံရအောင် အရင်ဆုံးပေးသေ

ဘယ်အခန်းကို ကြည့်ကြည့်
ဘယ်ဇာတ်ကောင်မှ ကျောမလုံ
ဘယ်ဇာတ်ကောင်မှ နောက်ကြောင်းမရှင်း
ဘယ်ဇာတ်ကောင်မှ စီးကရက်တလိပ် ဖြောင့်ဖြောင့်မသောက်နိုင်

တခါတခါ ငါ့ဒုစရိုက်မှတ်တမ်းတွေ ငါ့သားကောင်စာရင်းတွေ
ငါအယောင်ဆောင်ခဲ့သမျှတွေ အကုန်ဖွင့်ချလိုက်ချင်ပေမဲ့
ငါ့ထက် အဆပေါင်းများစွာ ကြောက်စရာကောင်းတဲ့ကောင်တွေ
ဒီပတ်ဝန်းကျင်မှာ ရှိနေသေးတော့ မဖြစ်သေး

ငါ့ဇနီးနဲ့ငါ့ကလေးတွေကို လုံခြုံစိတ်ချရတဲ့အထိ
ငါဇယားမှန်သမျှ ရှင်းရလိမ့်ဦးမယ်
မနက်မနက်
မင်းတို့သားအမိကို အနမ်းတွေပေး
နက်ကတိုင်လေးသပ်သပ်ရပ်ရပ်စည်းပြီး ရုံးတက်သွားတဲ့ ယောက်ျားလို့ပဲ
မင်းထင်နေတာကောင်းပါတယ်
ငါ့တကယ့်အလုပ်က ငါ့လိပ်စာကတ်ထဲကလိုတော့ ဘယ်ဟုတ်မလဲ

mgyoe.com

mgyoe.com


သူသေကိုယ်သေ ထိပ်တိုက်တွေ့မယ့် အဆုံးသတ်တနေ့ကိုရောက်လာဖို့
ငါတို့အားလုံး တက်ညီလက်ညီ မိုက်မဲခဲ့ပုံတွေ

မျက်ခုံးကောင်းကောင်းနဲ့ကောင်ဖြစ်ဖြစ် နှုတ်ခမ်းမွေးနဲ့ကောင်ဖြစ်ဖြစ်
ရင်ခွဲရုံကအစောင့်က လေကလေးချွန်ပြီး အလောင်းထည့်တဲ့အိတ်ကို ဇစ်ဆွဲပိတ်လိုက်မှာပဲ

ဒါနောက်ဆုံးတခေါက်ပါပဲအချစ်ရာ
ငါပြန်လာနိုင်ခဲ့ရင် လိမ်လိမ်မာမာနေပဲ့မယ်ကွာ
စသဖြင့် နေ့စဉ်နှုတ်ဆက်ရတာပါပဲ
အဲဒီစာအုပ်အဟောင်းထဲက လူကြမ်းကြီးအကြောင်းကို ငါ့သားတို့ နားလည်ချင်မှလည်မှာ
မင်းတို့ဒီစာဖတ်နေချိန်မှာ ဂန်းစတားတိုင်းပြည်ကြီး အစစပြောင်းလဲပြီးနှင့်ပြီ မျှော်လင့်ရတာပါပဲ။

မေ၊ ၂၀၁၇။

mgyoe.com

mgyoe.com



## ပြဇာတ်

ဆက်တင်၊ ဆံပင်တုနဲ့ မိတ်ကပ်၊ မျက်ရည်ကျဆေးရည်၊
အလွတ်ကျက်ထားတဲ့ ဒိုင်ယာလော့ နဲ့ ခေါင်းစွပ်အရုပ်တွေ
သရုပ်ဆောင်မှုအတတ်ပညာတွေနဲ့ စင်ပေါ်မှာ အသက်ဝင်လျက်

ပြဇာတ်တစ်ခန်းရပ်တုန်း အမျိုးသားဇာတ်ကောင်ဟာ
ဆက်တင်မီးဖိုခန်းရဲ့ကန့်လန့်ကာကို ဖယ်ပြီး အတွင်းထဲဝင်သွားတယ်
အသက်ဝင်နေရာက

ကန့်လန့်ကာရဲ့နောက်မှာတော့ ရှေ့ကလိုမဟုတ်တဲ့ ဘဝအစစ်တွေ ရှိနေ
ဒါပေမဲ့ တကယ့်ဘဝထဲ သူအရုပ်ခေါင်းစွပ်ကြီးစွပ်လျက်ဝင်လာမိ
လူတွေ အာမေဋိတ်သံကော်တကိုယ်စီနဲ့ အထိတ်တလန့်ဖြစ်ကြ

အိမ်ခန်းအစစ်၊ ပြတင်းပေါက်အစစ်၊ ရှုမျှော်ခင်းအစစ်
ဟာသအစစ်၊ မျက်ရည်အစစ်၊ သွေးအစစ်၊ ဓားအစစ်၊
စာအုပ်အစစ်၊ ရသေ့အစစ်၊ ရွှေအစစ်၊ ငွေအစစ်၊ ချစ်ခန်းဖွင့်မှုအစစ်၊
လင်မယားအစစ်၊ မိသားစုအစစ်တွေကြား သူရောက်လာ

mgyoe.com

mgyoe.com

ထမင်းစားစားပွဲအစစ်တစ်ခုပေါ်မှာ သစ်သီးခြင်းတခြင်းတွေ့လို့ ဇာတ်ကောင်ဟာ
ပန်းသီးတလုံးကို အားပါးတရကောက်ယူလိုက်တယ်
ပန်းသီးက အလှပြပန်းသီးအတုကြီးဖြစ်နေ
ဒါမှမဟုတ် အလှပြပလတ်စတစ်ပန်းသီးအစစ်ပေါ့
သူ့ခေါင်းစွပ်အရုပ်က အကောင်ဆိုရင်တော့ ဒီပန်းသီးကို စားလို့ရတယ်လို့ သူတွေးမိပြီး
သူ့စိတ်ကူးထဲမှာ စားလိုက်တယ် အသက်ဝင်စွာ

စင်နောက်မှာလည်း လာလင်းနေတဲ့ စင်ရှေ့က ဆလိုက်မီးရောင်
ကားနဲ့သူ့အိမ်ပြန်လာတဲ့လမ်းပေါ်မှာတောင် ကြားနေဆဲ လက်ခုပ်သံတွေ
အိမ်ပြန်ရောက်တော့ ထမင်းစားစားပွဲဆီသွားဖို့
မီးဖိုခန်းကန့်လန့်ကာကို ဖယ်ပြီးဝင်လိုက်တယ်။ ။

မေ၊ ၂၀၁၇။

mgyoe.com

mgyoe.com



## လျှို့ဝှက်စာ

ခွေးသေဝက်သေ သေကြရတာတွေ
ခွေးလိုဝက်လို နေကြရတာတွေ

ဒါဟာ ဘဝပဲ
ဒါဟာ လောကဓံပဲ
ဒါဟာ အတိတ်ကံပဲ
ဒါဟာ ပယောဂပဲ လို့

ရွာခေါင်ခေါင်က ရွှေကျောင်းပြောင်ပြောင်မှာ အိုင်ဖုန်းလေးပွတ်ရင်း
ဟောကြားသွားတဲ့ ဆရာတော်ဘုရားရဲ့သြဝါဒရတရားမှာ
နေတတ် ကျေနပ် အသေမြတ်လိုက်ကြတယ်

ပလက်ဖောင်းခေါင်းအုံးနေတဲ့ ဗေဒင်ဆရာဆီမှာ
ဘဝရှေ့ရေး အဖြေရှာလိုက်ကြတယ်

အရက်ဝိုင်းမှာ ဇက်ကျိုးနေတဲ့ဆရာကြီးကို သွားပင့်
သူ့ဆေးကြိမ်လုံးမှာ ပြုစားမိတဲ့ကျနော်ကျမတို့ နောင်တရလိုက်ကြတယ်

mgyoe.com

mgyoe.com

ကမ္ဘာကြီးလုံးသလားပြားသလားတောင်ကောင်းကောင်းမသိတဲ့
ရှေးလူကြီးနဲ့တိုင်တိုင်ပင်ပင် ခေါပတောင်းပစ်/အုန်းပွဲဆင့်
ကောင်းသောအိပ်မက် မြင်မက်လိုက်ကြတယ်

ကွမ်းတံတွေးပေနေတဲ့ပါးစပ်ကို လက်ဖနောင့်နဲ့ဆွဲသုတ်
လက်ကို ထဘီမှာပြန်သုတ်ပြီး
အိမ်ရှေ့နတ်ကနားရှိရာထွက်လာတဲ့ အမေဆီမှာ
အဖြစ်ဆိုးတွေမေ့ပျောက်ပြီး ပူးဝင်ကခုန်ပစ်လိုက်ကြတယ်

ပက်လက်ကုလားထိုင်မှာ ကျောခင်းလိုက် ခြေဆင်းလိုက်နဲ့
အနာဂတ်အလုပ်အကိုင်နဲ့ဝင်ငွေအတွက်
ရွှေအိုးပုံတွေ ရွှေလိပ်ပုံတွေ ရှယ်ပစ်လိုက်တယ်

ကာကွယ်ဆေးအစား
သူငယ်နာကျမ်း

အသက်ကယ်အင်္ကျီအစား
လှေဦးမှာ ပိတ်စအနီသာချည်ထား

ရှေးဦးသူနာပြုအစား
ဆေးကြိမ်လုံး

ဆေးပေးခန်းအစား
ဗေဒင်နတ်ခန်း

မိုင်ခရိုစကုပ်အစား
အကြားအမြင်ဆရာ

mgyoe.com

mgyoe.com


ဆန်ဂမန်ဖရှိုက်အစား
ဆိုင်ရာပိုင်ရာတွေ ပုဂ္ဂိုလ်ထူးတွေပေးတဲ့အိပ်မက်

အိုင်းစတိုင်းအစား
နတ်ရထား

ချားစ်ဒါဝင်အစား
လူဟာ ပြဟ္မာက ဆင်းသက် ဝက်စားကျင်းထဲက ပြန်လာ

ကိုယ်ချင်းစာတရားအစား
ရွှေပြည်အေးတရား

ကယ်တင်ရှင်နဲ့ ဝိညာဉ်လောကကိုမယုံလို့
သရဲအခြောက်ခံရတာ
မလေးရှားစုန်းကားနဲ့ စတီဖင်ကင်းဝတ္ထုထဲမှာပဲရှိတယ်

တကယ့်ဘဝမှာတော့
ဆရာတွေများ
ခွေးသေဝက်သေ သေကြ

တကျောင်းတဂါထာနဲ့
ခွေးလိုဝက်လိုနေကြ

ဒါဘဝပဲလို့
သူတို့လက်ခံထားကြတာ
မင်းတို့လက်ခံလား

mgyoe.com

 mgyoe.com

အနှစ်သုံးဆယ်အတွင်း ဦးနှောက်တွေသေနေတဲ့ဇွမ်ဘီတွေ
ဆိုရှယ်နက်ဝပ်ဒ်တွေက သိဒ္ဓိတင်ပေးပြီး
လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်လမ်းကနေ အလုအယက်ဝင်လာကြတယ်
စင်ပေါ်မှာ ဇွမ်ဘီတွေ

ဗုဒ္ဓပြန်ကြွလာရင်တောင် ဝင်းခိုင်ဦးလောက် ကိုးကွယ်သူရှိမှာမဟုတ်

ဒီတစ်ခါ
မြန်မာလူငယ်မျိုးဆက်တွေရဲ့ နော်မန်ဒီကမ်းအတက်မှာ
ရင်ဆိုင်ရမှာက
အထက်စီးကနေရာယူထားတဲ့ Hypocrite တွေ

Enter the Dragon ထဲက ဘရုစလီလို
ရန်သူစခန်းမှာ ပထမဆုံးရင်ဆိုင်ရမှာ မှန်ခန်းထဲမှ မင်းတို့ကိုယ်ပွားများစွာ

ငါက အခု ကြောင်သူတော်တွေ သုံ့ပန်းစခန်းမှာ
လွတ်လမ်းရှာနေတယ်
ခွေးလှောင်အိမ်ထဲမှာ ဘာသာရေးဘိန်းအထိုးခံထားရတဲ့
အပြစ်မဲ့ပြည်သူတွေနဲ့အတူ
မင်းတို့ရဲ့ ရဟတ်ယာဉ်ကို ငါမျှော်နေတယ်

ဒီစာကို ဖတ်ပြီး ချက်ချင်းမီးရှို့လိုက်။ ။

ဒီဇင်ဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## အနှစ်သုံးဆယ်

အဖေရယ် အမေရယ်
ကလေးလေးရဲ့ ပထမဆုံးအလည်အပတ်ခရီး
အမေဆိုတာ သူ့ကိုအမြဲပွေ့ချီထားပြီး မုန့်တွေကျွေးနေတတ်တဲ့လူတစ်ယောက်
အဖေဆိုတာ သူနဲ့သူ့အမေရှေ့မှာ ခရီးဆောင်အိတ်တွေဆွဲပြီး ပိုက်ဆံတွေရှင်းပေးနေတဲ့လူတစ်ယောက်
အဖေအမေဆိုတာကတော့ သူဘာလုပ်လုပ်သူ့ကို ပြုံးပြီးကြည့်နေတဲ့ လူနှစ်ယောက်ပေါ့
သူ့အလုပ်ကတော့ စားဖို့ ကစားဖို့ အင်္ကျီအသစ်လေးတွေဝတ်ဖို့
ဓာတ်ပုံတိုင်းမှာ အားရပါးရရယ်မောနေဖို့ပဲ

လာမယ့်အနှစ်သုံးဆယ်က ဘဝကို သူ ဘယ်သိနိုင်ဦးမလဲ
အိမ်နံရံတစ်နေရာ အတွင်းကအုတ်ကွက်တွေ အကျည်းတန်စွာ တွေ့နေရတဲ့တစ်ချိန်မှာ
လွန်ခဲ့တဲ့အနှစ်သုံးဆယ်က ဒီနေရာမှာ ဘာဆေးအရောင်သုတ်ခဲ့လဲ သူ ဘယ်သိနိုင်ဦးမလဲ

အနှစ်သုံးဆယ်အကြာမှာ အဖေအမေဖြစ်လာသူ
ကလေးလေးတစ်ယောက်နဲ့ ပထမဆုံးအလည်အပတ်ခရီး
အားရပါးရရယ်မောနေတဲ့ ဓာတ်ပုံတွေ
အနှစ်သုံးဆယ်မှာ တစ်ကြိမ်။ ။

ဒီဇင်ဘာ၊ ၂၀၁၆။

mgyoe.com

 mgyoe.com

# ဖြစ်ရပ်မှန်

အရေးအခင်းကြီးဖြစ်တော့ ငါတော်တော်ပျော်တယ်
နေ့တိုင်း လူတွေအများကြီးလမ်းပေါ်မှာ စုဝေးပြီးလျှောက်နေကြတာလေ
မီးထွန်းပွဲလို ရေသဘင်ပွဲလို ပွဲတော်တစ်ခုလိုပဲ ငါမြင်တယ်
အဲဒီတုန်းက ရွှေသွေးဝယ်ဖို့ စနေနေ့ဘယ်တော့ရောက်မလဲဘဲ ငါသိတယ်
ငါသုံးနေကျ တစ်ကျပ်တန်တွေ ငါးကျပ်တန်တွေ သုံးလို့ရသေးရင်ပြီးတာပဲ
ဆင်းရဲကျပ်တည်းတာတွေ ဒီမိုကရေစီတွေ ငါနားမလည်
လမ်းပေါ်ကပွဲတော် ရုတ်တရက်ပျောက်သွားပြီး လမ်းပေါ်မှာ
တစ်ဖက်နဲ့တစ်ဖက် အပြတ်ရှင်းမယ့် ကျောင်းသားနဲ့ စစ်သားတွေပဲ ကျန်တော့တာ
ငါပိုလို့တောင် နားမလည်
ဒါပေမဲ့ ဒါလည်း ကြားဖူးရုံပါ ဘယ်တုန်းကမှ ဒီတိုက်ပွဲကို မမြင်ဖူးခဲ့ပါဘူး
နေ့ခင်းကြောင်တောင် ပြတင်းပေါက်တွေအကုန်ပိတ်ထားတဲ့ အိမ်ထဲထိုင်နေရင်း
ကြားခဲ့ရတဲ့ သေနတ်သံဟာ
တစ်လလောက်ကြာတော့ ပုံပြင်တစ်ပုဒ်ထဲကလိုလိုဖြစ်သွားတယ်
ရေဒီယိုက ကြားရတဲ့စကားသံတွေက အလောတကြီးနိုင်
အိမ်မှာရှိတဲ့ စာစောင်တွေမှာ သွေးသံတရဲရဲနိုင်သလောက်
ရုပ်မြင်သံကြားမှာ သတင်းကြေညာသူတွေကတော့ တည်တည်ငြိမ်ငြိမ်ခံ့ခံ့ညားညားပဲ
ကြော်ငြာတွေကလည်း အလွန်ကြည့်လို့ကောင်းတယ်

mgyoe.com

mgyoe.com



ညည လမ်းမီးတွေ ခပ်မှိန်မှိန်
အမှောင်ထဲမှာ ပြတင်းတံခါးတွေ အစောကြီးပိတ်သွားတဲ့ အိမ်တွေ
အသက်ဝင်နေတာဆိုလို့ ရုပ်မြင်သံကြားချယ်နယ်တစ်လိုင်းတည်းလွှင့်ထားတဲ့
တီဗွီဖန်သားပြင်တွေပဲရှိတယ်

ကျောင်းတွေအကြာကြီးပိတ်ထားပြီးမှ ပြန်ဖွင့်တော့
ငါတို့ကျောင်းသားလေးတွေ အိမ်ထဲကထွက်လာကြတယ်
လမ်းပေါ်မှာ အသစ်ကျပ်ချွတ်ယူနီဖောင်းနဲ့ကျောင်းသားလေးတွေ အပြည့်
ဘာမှတော့ ထူးထူးခြားခြားငါမတွေ့ပါဘူး
အုတ်တံတိုင်းတွေ ပလက်ဖောင်းတွေ အားလုံးထုံးသုတ်ထားပြီးသား
နောက်ထပ် နှစ်ပေါင်း နှစ်ဆယ်လောက်ကြာပြီးမှ
အလောင်းဖျောက်ဖျက်ခံထားရတဲ့ မြို့အစစ်ကို ငါတို့တွေ့ကြရတယ်
ဘဝကတော့ ဒါပါပဲ။

ဇန်နဝါရီ၊ ၂၀၁၇။

mgyoe.com